ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၀) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

**မာတိကာစဉ်**


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသောဥပဒေ အသစ်များအကြောင်း သိကောင်းစရာ။ ၂-၃

၂။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ ၄

၃။ နီပေါနိုင်ငံတရားရုံးချုပ်က လိင်တူလက်ထပ်ခြင်းကို တရားဝင်အတည်ပြုခဲ့ခြင်း။ ၅-၆

၄။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ဆောင်ရွက်ရာတွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှတည်ထောင်ထားသည့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာတရားရုံးများ။ ၇-၉

၅။ ဥရောပအာရှစီးပွားရေးကော်မရှင်။ ၁၀-၁၂

၆။ တောင်တရုတ်ပင်လယ်ပြင်စေ့စပ်ဆွေးနွေးမှုဆိုင်ရာကျင့်ဝတ်စည်းကမ်းကိုအရှိန် မြှင့်ရန် လမ်းညွှန်ချက်အပေါ် အာဆီယံနှင့် တရုတ်သဘောတူ။ ၁၃-၁၅

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ယခုသီတင်းပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ်-၁၅/၂၀၂၃နှင့် စပ်လျဉ်း၍ ဖော်ပြဝန်ဆောင်မှု ပေးထားသည်။ ယင်းအမိန့်ကြော်ငြာစာသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ-၄၉၊ ပုဒ်မခွဲ-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်-၁၂/၂၀၂၂ ပါ ပြဋ္ဌာန်းချက်နှင့် စပ်ဆက်နေသော အမိန့်ကြော်ငြာစာဖြစ်သည်။

အမိန့်ကြော်ငြာစာအမှတ်-၁၂/၂၀၂၂ အပိုဒ် ၂ တွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ-၁၁၊၁၂ နှင့် ၁၃ တို့ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရ ပြည်တွင်း၌နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့် ရရှိသော ဝင်ငွေများကို မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ပေးပို့ပြီး နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း(AD)လိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ အလုပ်လုပ်ရက် ၁ ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းချရမည်ဟု လည်းကောင်း၊ အပိုဒ်-၃ ၌ အပိုဒ်-၂ ပါအတိုင်း ဆောင်ရွက်ရာတွင် ကင်းလွတ်ခွင့်ပြုမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက သီးခြား ထုတ်ပြန်ဆောင်ရွက်မည်ဟုလည်းကောင်း ထုတ်ပြန်ချက်များပါရှိသည်။

ယင်း ထုတ်ပြန်ချက်များနှင့်အညီ ၅.၈.၂၀၂၂ ရက်နေ့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၃၆/၂၀၂၂ တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ % ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်-၁၂/၂၀၂၂ ပါသတ်မှတ်ညွှန်ကြားချက်များအတိုင်းမြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

ယခုတစ်ဖန် ထပ်မံဖြေလျှော့သည့်အနေဖြင့် အမိန့်ကြော်ငြာစာအမှတ်-၁၅/၂၀၂၃ ကို ထုတ်ပြန်ကာ အမိန့်ကြော်ငြာစာအမှတ်-၃၆/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့သော ပို့ကုန်တင်ပို့သူများ အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ % အစား ၅၀% ကိုသာ မြန်မာနိုင်ငံဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်-၁၂/၂၀၂၂ ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်းမြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဤ အမိန့်ကြော်ငြာစာကို လိုက်နာမှုမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၀) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သတင်းစဉ်

ကိုဗစ် ၁၉ ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ မြန်မာနိုင်ငံတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ ပိုမို တွင်ကျယ်လာပြီး လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များ ချမှတ်၍ ထိန်းချုပ်ကြီးကြပ်ရန် လိုအပ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၃ ဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ၊ ပုဒ်မခွဲ (ဂ)အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှု နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်း သတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်များကို ချိုးဖောက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ခံရနိုင်သည့်အပြင် ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ငွေကိုပါ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း အမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနခွဲ<br>
ဥပဒေရေးရာဝန်ကြီးဌာန

Source: www.commerce.gov.mm

## နီပေါနိုင်ငံတရားရုံးချုပ်က လိင်တူလက်ထပ်ခြင်းကို တရားဝင်အတည်ပြုခဲ့ခြင်း

နီပေါနိုင်ငံတရားရုံးချုပ်က လိင်တူချစ်သူများနှင့် အခြားလိင်ကွဲမဟုတ်သည့်စုံတွဲများကို နိုင်ငံအတွင်း လက်ထပ်မှတ်ပုံတင်ခွင့်ပြုခြင်းဖြင့် လိင်တူလက်ထပ်ခြင်းကို အသိအမှတ်ပြုရန် ၃၀-၆-၂၀၂၃ ရက်နေ့တွင် နီပေါနိုင်ငံအစိုးရထံ ကြားဖြတ်အမိန့်တစ်ခု ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ထားသည့်အမိန့်တွင် မိသားစုဥပဒေအရ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဇနီးခင်ပွန်းအဖြစ် လက်ခံခြင်းသည် လက်ထပ်ခြင်းဖြစ်ကြောင်း၊ မှတ်ယူရန်ပါရှိသည့် ၂၀၁၇ ခုနှစ်(တည်ဆဲ) အမျိုးသားနိုင်ငံသားဥပဒေပါ လက်ထပ်မှတ်ပုံတင်ခြင်း၊ လက်ထပ်ခြင်းနှင့်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို လိုအပ်သလို ပြင်ဆင်သင့်ကြောင်း ဖော်ပြထားပါသည်။

တရားရုံးချုပ်အမိန့်သည် ၂၀၁၈ ခုနှစ်တွင် ဂျာမနီနိုင်ငံတွင် လက်ထပ်ခဲ့သော နီပေါနိုင်ငံသား Adhip Pokharel နှင့် ဂျာမန်နိုင်ငံသား Tobias Volz တို့က တင်သွင်းသည့် အသနားခံစာ၏ ရလဒ်တစ်ခုဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် Volz သည် ခရီးသွားဗီဇာမလျှောက်ဘဲ Adhip Pokharel ၏ အိမ်ထောင်ဖက်အဖြစ် နီပေါတွင် နေထိုင်ခွင့်ဗီဇာ လျှောက်ထားခဲ့ပါသည်။ နီပေါဥပဒေတွင် လိင်တူလက်ထပ်မှုမှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်မရှိသောကြောင့် လျှောက်ထားမှုအား နီပေါအာဏာပိုင်များက ငြင်းဆိုခဲ့ပါသည်။ ၎င်းတို့စုံတွဲသည် နောက်ဆုံးတွင် ဂျာမန်နိုင်ငံသားအတွက် ခရီးသွားဗီဇာမဟုတ်သောဗီဇာကို ထုတ်ပေးသည့်အမိန့်တစ်ခု ချမှတ်ပေးနိုင်ရန် တရားရုံးချုပ်သို့ အမှုကို ဆက်လက်တင်သွင်းခဲ့ပါသည်။

ဤဆုံးဖြတ်ချက်သည် နီပေါနိုင်ငံတွင် တိုးတက်သော အတွေးအခေါ်အသစ်များအား လက်ခံသည့်လမ်းကြောင်းများကို ဆက်လက်တည်ရှိလာစေပါသည်။ ၂၀၀၈ ခုနှစ်တွင် နီပေါနိုင်ငံသည် Sunil Banu Pant v. Nepal Government အမှုတွင် LGBTI များ၏ အခွင့်အရေးများကို အသိအမှတ်ပြုသည့် တောင်အာရှရှိ ပထမဆုံးနိုင်ငံဖြစ်လာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နီပေါတရားရုံးချုပ်က လိင်တူချစ်သူစုံတွဲတစ်တွဲကို လက်မထပ်ဘဲအတူနေရန် ခွင့်ပြုခဲ့ပါသည်။ လိင်နှင့်ကျားမရေးရာ လူနည်းစုများ၏

အခွင့်အရေးများကို နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၂၀၁၅ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့ပါသည်။

ယခင် ၂၀၁၉ ခုနှစ်တွင် ထိုင်ဝမ်သည်အာရှတွင်လိင်တူလက်ထပ်ခြင်းကို တရားဝင်ခွင့်ပြုသည့် ပထမဆုံးနိုင်ငံဖြစ်ခဲ့ပါသည်။ ယခုအခါနီပေါနိုင်ငံသည်ရှေးရိုးစွဲဆန်သည့်အာရှရှိလိင်တူလက်ထပ်ခြင်းကို ခွင့်ပြုထားသော ဒုတိယမြောက်နိုင်ငံ ဖြစ်လာပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source: [https://www.jurist.org/news/2023/07/nepal-supreme-court-legalizes-same-sex-marriage-in-landmark-verdict/](https://www.jurist.org/news/2023/07/nepal-supreme-court-legalizes-same-sex-marriage-in-landmark-verdict/)

**ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative ) ဆောင်ရွက်ရာတွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တည်ထောင်ထားသည့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာတရားရုံးများ**

"ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" (Belt and Road Initiative )သည် ခေတ်သစ်ပိုးလမ်းမဟု ကမ္ဘာတစ်ဝှမ်းလုံးသိကြသည့် စီမံကိန်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ၂၀၁၃ ခုနှစ်မှစ၍အဆိုပြုခဲ့ရာမှ ပေါ်ပေါက်လာသည့် မူဘောင်တစ်ခုဖြစ်ပါသည်။ ယခုအခါ ယင်းရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်ရန်စာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၀ နှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၂ ခုထိရှိလာပြီဖြစ်သည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် တရုတ်နိုင်ငံနှင့် ယူရေးရှားနိုင်ငံကြားရှိ နိုင်ငံများပူးပေါင်းချိတ် ဆက်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားသည့်မူဘောင်တစ်ခုဖြစ်သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ပင်လယ်ရေကြောင်းဆိုင်ရာ ပိုးလမ်းမကြီးနှင့် ကုန်းလမ်းဆိုင်ရာ ပိုးလမ်းမကြီးဟူ၍ ကုန်းလမ်း-ရေလမ်းနှစ်မျိုးအသုံးပြုနိုင်သည့် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း ( Belt and Road Initiative ) ကိုအကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

အာဖရိက ၊ ဥရောပနှင့်အာရှအလယ်ပိုင်း၊ အရှေ့အာရှနှင့် ပစိဖိတ်၊ လက်တင်အမေရိကနှင့် ကာရေဘီယန်၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသတို့မှ နိုင်ငံများက ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) တွင်ပါဝင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားကြသည်။

တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း( Belt and Road Initiative )ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ၂၀၁၈ ခုနှစ်တွင် ပြည်သူ့တရားရုံးချုပ် (Supreme People's Court) သည် တရုတ်နိုင်ငံ၏ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးတရားရုံး(China International Commercial Court - CICC)ကိုGuang

dong ပြည်နယ် Shenzhen နှင့် Shanxi ပြည်နယ် Xi'an တို့တွင်ဖွင့်လှစ်ခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းအရ ပင်လယ်ရေကြောင်းဆိုင်ရာအငြင်းပွားမှုများကို Shenzhen တရားရုံးတွင်လည်းကောင်း၊ ကုန်းလမ်းဆိုင်ရာ အငြင်းပွားမှုများကို Xi'an တရားရုံးတွင်လည်းကောင်း ဖြေရှင်းနိုင်ရန် စီစဉ်ထား ရှိသည်။

တရုတ်နိုင်ငံ၏နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးတရားရုံး (China International Commercial Court - CICC)များသည် -

- ပြည်သူ့တရားရုံးချုပ် (Supreme People’s Court- SPC) ၌ နှစ်ဖက်အငြင်းပွားမှုများကိုဖြေရှင်းရန် သဘောတူညီထားပြီး ယွမ် သန်း ၃၀၀ တန်ဖိုးရှိ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်သည့်အမှုများ၊
- ပြည်သူ့တရားလွှတ်တော်တရားရုံးက စီရင်ခဲ့သည့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများကို ပြည်သူ့တရားရုံးချုပ်(Supreme People’s Court- SPC) ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးတရားရုံး (China International Commercial Court - CICC) သို့ လွှဲပြောင်းပေးသည့်အမှုများ၊
- နိုင်ငံတစ်ဝန်း ထင်ရှားသည့်လက္ခဏာရှိသော နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၊
- အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ရရှိလာသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ချက်များကို အတည်ပြုခြင်းနှင့် ပယ်ဖျက်ခြင်း၊
- တရုတ်နိုင်ငံ၏ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးတရားရုံး ( China International Commercial Court- CICC) မှ ကြားနာရန်သင့်လျော်သည်ဟု ပြည်သူ့တရားရုံးချုပ်(Supreme People’s Court- SPC) မှ ယူဆသော အခြားသော နိုင်ငံတကာ

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများအစရှိသည်တို့ကိုဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source : Scientific Research, Green Finance & Development Center, Briefing

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၀) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

## ဥရောပအာရှစီးပွားရေးကော်မရှင်

ဥရောပအာရှစီးပွားရေးကော်မရှင် Eurasian Economic Commission (EEC) သည် ဥရောပအာရှစီးပွားရေးသမဂ္ဂ Eurasian Economic Union (EAEU)၏ အမြဲတမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြစ်ပြီး ၂-၂-၂၀၁၂တွင်လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ပါသည်။ ဥရောပအာရှစီးပွားရေးကော်မရှင်၏အဓိကရည်ရွယ်ချက်မှာ ဥရောပအာရှစီးပွားရေးသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်ချက်များ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် စီးပွားရေးဆိုင်ရာပေါင်းစည်းမှုများမြှင့်တင်ရန်အတွက် အဆိုပြုချက်များကိုရေးဆွဲခြင်းပင်ဖြစ်သည်။

လက်ရှိတွင် ဥရောပအာရှစီးပွားရေးကော်မရှင်ကို အာမေးနီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်သမ္မတနိုင်ငံ၊ ကာဂျစ်သမ္မတနိုင်ငံ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၅)နိုင်ငံဖြင့်ဖွဲ့စည်းထားသည်။ ယေဘုယျအားဖြင့် EEC သည် ဥရောပအာရှစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်နိုင်ငံများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်တွင် ယင်းနိုင်ငံ၏ ပြည်တွင်းအကျိုးစီးပွားအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။ ကော်မရှင်၏ဆုံးဖြတ်ချက်များကို ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏စီရင်ပိုင်ခွင့်နယ်မြေအတွင်း အကောင်အထည်ဖော်ရန်တာဝန်ရှိသည်။

EEC ကို တည်ထောင်ရန်ဆုံးဖြတ်သည့် အခြေခံအချက်မှာ ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုကို သက်ရောက်စေနိုင်သည့်အချက်များကို လျှော့ချရုံသာမက နိုင်ငံခြားဈေးကွက်တွင် တက်ကြွစွာ ရပ်တည်နိုင်ရန်အတွက် နိုင်ငံငါးနိုင်ငံက နားလည်သဘောတူထားရှိပါသည်။ ဥရောပအာရှစီးပွားရေးသမဂ္ဂသည် ဤအဖွဲ့အစည်း၏ရည်မှန်းချက်များ အကောင်အထည်ဖော် ပြီးမြောက်စေရန်အတွက် အခြားနိုင်ငံများ၏အကြံပြုချက်များကို လက်ခံလျက်ရှိပြီး လိုအပ်သည့်တာဝန်များကို ထမ်းဆောင်ရန် အဆင်သင့်ဖြစ်လျက်ရှိပါသည်။ ဆုံးဖြတ်ချက်များအားလုံးကိုစုပေါင်း၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် အခြေခံထားခြင်းသည်ကော်မရှင်၏အရေးကြီးဆုံးအင်္ဂါရပ်ဖြစ်သည်။ ဥရောပအာရှ စီးပွားရေးကော်မရှင်

၏ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်၁၀ဦး(အဖွဲ့ဝင် နိုင်ငံတစ်ခုစီမှ ဝန်ကြီး ၂ ဦး)ပါဝင်ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် ကော်မရှင်ဘုတ်အဖွဲ့၏ဥက္ကဋ္ဌဖြစ်သည်။

ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၏သက်တမ်းအား Supreme Eurasian Economic Council ဥရောပအာရှစီးပွားရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ၄ နှစ် သက်တမ်းအတွက် ခန့်အပ် တာဝန်ပေးပြီး သက်တမ်းလည်းတိုးနိုင်သည်။ ဘုတ်အဖွဲ့ဝင်များသည်မဲပေးခြင်းဖြင့်ဆုံးဖြတ်ချက်များကိုချမှတ်ကြသည်။

EEC ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဘုတ်အဖွဲ့ဝင်များက ကြီးကြပ်ပြီး လုပ်ငန်းဆိုင်ရာနယ်ပယ်များအလိုက် ခွဲခြားထားသည်။ ဘုတ်အဖွဲ့များနှင့် EEC ဌာနများမှ အဖွဲ့ဝင်များသည် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အတွင်းပြည်တွင်းအာဏာပိုင်အဖွဲ့အစည်းများနှင့်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ကြသည်။

EEC ဖွဲ့စည်းပုံတွင် လက်ရှိဆောင်ရွက်နေသည့် ဌာနပေါင်း ၂၅ ခုရှိသည်။ အဆိုပါဌာနများသည် EEC ၏ဘုတ်အဖွဲ့အတွက် အဆိုပြုချက်များကို ရေးဆွဲရန်နှင့် နိုင်ငံတော်အာဏာပိုင်များ၏ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် အကြံပေးကော်မတီ ၂၀ ခုရှိသည်။ ကော်မတီများ၏ ဥက္ကဋ္ဌများသည်၎င်းတို့၏လုပ်ငန်းနယ်ပယ်အလိုက် ဘုတ်အဖွဲ့ဝင်များ(ဝန်ကြီးများ) ဖြစ်သည်။

EEC သည်၎င်း၏လုပ်ငန်းတွင်အဓိကပါဝင်သော လုပ်ဖော်ကိုင်ဖက်များနှင့်တွေ့ဆုံဆွေးနွေးမှုကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ တွေ့ဆုံဆွေးနွေးမှု၏ ပထမအဆင့်မှာ နိုင်ငံအချင်းချင်း တွေ့ဆုံဆွေးနွေးပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် အာဏာပိုင်များနှင့် ထိထိရောက်ရောက် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဦးတည်မျှော်မှန်းသည်။ ဒုတိယအဆင့် ဆွေးနွေးပွဲသည် စီးပွားရေးဆိုင်ရာအသိုက်အဝန်းနှင့် တိုက်ရိုက်ဆောင်ရွက်ခြင်းဖြစ်သည်။

EEC ၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ အဓိကကျသော စည်းမျဉ်းများမှာ နိုင်ငံရေးဆန်မှုမရှိခြင်း၊ အကျိုးစီးပွားများသာတူညီမျှမှုရှိခြင်း၊ ထိရောက်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း စသည်တို့ဖြစ်သည်။EEC သည် ဥရောပအာရှအသိုက်အဝန်း၏ လှုပ်ရှားမှုများကို တင်ပြရန်နှင့် ပေါင်းစည်းရေး

လုပ်ငန်းစဉ်များတွင်ပါဝင်ဆောင်ရွက်ရန်အတွက် ဥရောပနှင့်အာရှ-ပစိဖိတ်ဒေသများရှိ အဓိကမိတ်ဖက်များကိုဆွဲဆောင်ရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာနယ်ပယ်တွင် တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။

ဥရောပအာရှစီးပွားရေးကော်မရှင်၏ အဓိကဆောင်ရွက်သည့် လုပ်ငန်းများမှာ သွင်းကုန်အကောက်ခွန်တာဝန်ပေးအပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းအတွက် ကုန်သွယ်မှုစနစ်များထူထောင်ခြင်း၊ နိုင်ငံခြားနှင့်အပြန်အလှန်ကုန်သွယ်မှုစာရင်းအင်းများ၊ မေခရို စီးပွားရေး မူဝါဒ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စက်မှုနှင့်စိုက်ပျိုးရေးကဏ္ဍများ၊ စွမ်းအင်မူဝါဒ၊ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုဆိုင်ရာမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဝန်ဆောင်မှုနယ်ပယ်များတွင် အပြန်အလှန်ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ ငွေကြေးမူဝါဒ၊ အသိဉာဏပစ္စည်းဆိုင်ရာ လုံခြုံရေးနှင့် အကာအကွယ်ပေးခြင်းလုပ်ငန်းများ၊ အလုပ်သမားရွှေ့ပြောင်းမှု၊ ငွေကြေးဈေးကွက်များ၊ ငွေရေးကြေးရေးဆိုင်ရာမူဝါဒ၊ သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အကောက်ခွန်နှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာစည်းမျဉ်းများ၊ အကောက်ခွန် စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများစသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ဥရောပအာရှစီးပွားရေးကော်မရှင်(EEC)၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီးနှင့် မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့က ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို ၁၅-၆-၂၀၂၃ ရက်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော နိုင်ငံတကာ စီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://eec.eaeunion.org/en/

## တောင်တရုတ်ပင်လယ်ပြင်စေ့စပ်ဆွေးနွေးမှုဆိုင်ရာကျင့်ဝတ်စည်းကမ်းကို အရှိန်မြှင့်ရန် လမ်းညွှန်ချက်အပေါ် အာဆီယံနှင့်တရုတ်သဘောတူ

ကမ္ဘာ့ရေကြောင်းပို့ဆောင်မှု၏ သုံးပုံတစ်ပုံခန့်သည် တောင်တရုတ်ပင်လယ် မှတစ်ဆင့် နှစ်စဉ် ဖြတ်သန်းလျက်ရှိပြီး အမေရိကန်ဒေါ်လာ ၃ ထရီလီယံကျော် ရရှိလျက်ရှိကြောင်း၊ တူညီသော တောင်းဆိုချက်များနှင့် အပြိုင်အဆိုင်များသောဒေသဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် တောင်တရုတ် ပင်လယ်၏ နေရာအများစုကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထားသော်လည်း အာဆီယံ အဖွဲ့ဝင် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများမှ လည်းသက်ဆိုင်သည်ဟု တောင်းဆိုထားကြောင်း၊ လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် တောင်တရုတ် ပင်လယ်အရေးတွင် တောင်းဆိုထားခြင်းမရှိသော်လည်း လွန်ခဲ့သောနှစ်အနည်းငယ်က အငြင်းပွား သည့်ရေပိုင်နက်အနီးရှိ ၎င်းနိုင်ငံပိုင် Natuna ကျွန်းတစ်ဝိုက် ငါးဖမ်းခွင့်နှင့်ပတ်သက်၍ တရုတ်နိုင်ငံ နှင့်ထိပ်တိုက်(ပဋိပက္ခ)ဖြစ်ခဲ့ဖူးကြောင်း၊ နှစ်ပေါင်းများစွာ အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံ တို့သည် တရုတ်နိုင်ငံ၏ ရေပိုင်နက်တောင်းဆိုမှုများနှင့်ပတ်သက်သည့် စိန်ခေါ်မှုများရှိခဲ့ပြီး အငြင်းပွား မှုများကိုဖြေရှင်းရန် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ စေ့စပ်ဆွေးနွေးခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ ကြောင်း၊ သို့ရာတွင် မကြာသေးမီက ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့သော အမျိုးမျိုးသော အကြောင်းခြင်းရာ များကြောင့် စေ့စပ်ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ရသဖြင့် လူကိုယ်တိုင်တက်ရောက်ရသည့် အစည်း အဝေးများကျင်းပရန် ပို၍ ခက်ခဲစေခဲ့ကြောင်း၊ အာဆီယံနှင့်တရုတ်နိုင်ငံတို့သည် တစ်ဖက်နှင့်တစ်ဖက် အကြီးဆုံးသောကုန်သွယ်မှုမိတ်ဖက်များဖြစ်ကြပြီး ၎င်းတို့နှစ်ဖက်ကြားကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၉၇၅ ဘီလီယံခန့် တန်ဖိုးရှိကြောင်း၊ တရုတ်နိုင်ငံသည် အာဆီယံအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ စတုတ္ထမြောက်အကြီးဆုံး အရင်းအမြစ်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃.၈ ဘီလီယံရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)နှင့် တရုတ် နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်အတွက် စေ့စပ်ဆွေးနွေးမှု အရှိန်မြှင့်တင်ရန် ကျင့်ဝတ်

စည်းကမ်းလမ်းညွှန်ချက်များအပေါ် သဘောတူညီခဲ့ကြပါသည်။ အဆိုပါလမ်းညွှန်ချက်များကို ဂျကာတာမြို့တွင် တရုတ်ထိပ်တန်းသံတမန် Wang Yi နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အကြားပြုလုပ်သည့် နှစ်စဉ်ပြုလုပ်လေ့ရှိသော နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Retno Marsudi က တရုတ်နိုင်ငံမှ အတည်ပြုထားသော UNCLOS ကို ရည်ညွှန်း၍ "ဤအောင်မြင်မှုသည် ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (UNCLOS) အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေကို လေးစားလိုက်နာ၍ ပါဝင်ဆောင်ရွက်မှုနှင့် ပွင့်လင်းမှုတို့ကိုစံထား၍ တိုးတက်လာသောဖက်စပ်လုပ်ငန်းများကို အားကောင်းလာစေရန်နှင့် အပြန်အလှန်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆောင်ရွက်သည့် အလေ့အကျင့်များကိုတွန်းအားပေးရန် အပြုသဘောဆောင်သော အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်ရမည်" ဟုပြောဆိုခဲ့သည့်အပြင် "ပွင့်လင်းပြီး အားလုံးပါဝင်သော ဒေသဆိုင်ရာပုံစံတစ်ခုကို ထူထောင်ရန် တရုတ်နိုင်ငံကို အာဆီယံ၏ယုံကြည်ရသော မိတ်ဖက်အဖွဲ့ဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် သို့မှသာလျှင် ကျွန်ုပ်တို့သည် အင်ဒို-ပစိဖိတ်ဒေသတွင် ဖန်တီးမှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ကြီးပွားတိုးတက်မှုတို့ကို ဝေမျှရန်အလို့ငှာ နှစ်ဖက်အကျိုးအမြတ်ရှိသော ပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဖြစ်ကြောင်း" ထပ်လောင်းပြောကြားခဲ့ပါသည်။ သို့ရာတွင် လမ်းညွှန်မှု အသေးစိတ် အချက်အလက်များကို ထုတ်ဖော် ပြောဆိုခြင်းမရှိခဲ့ပါ။

အဆိုပါတွေ့ဆုံမှုတွင် နှစ်ဖက်အဖွဲ့အစည်းများသည် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်၏ တတိယအကြိမ်မူကြမ်းအပေါ် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း၊ တရုတ်နိုင်ငံ၏ထိပ်တန်းသံတမန် Wang Yi က "ကျင့်ဝတ်စည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကုန်သွယ်မှုဆိုင်ရာဆွေးနွေးမှုများကို ကြိုဆိုကြောင်း၊ ဒေသတွင်း၌ တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း" ထပ်လောင်းပြောကြားခဲ့ပြီး "နိုင်ငံတကာနှင့် ဒေသဆိုင်ရာအခြေအနေတွင် ရှုပ်ထွေးပြီးနက်နဲသောအပြောင်းအလဲများကြောင့် တရုတ်နိုင်ငံအနေဖြင့် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှု၏ အသီးအပွင့်ရလဒ်ကို ခံစားစံစား

နိုင်ရန်အတွက် အာဆီယံနှင့်အတူ လက်တွဲလုပ်ဆောင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း” ပြောကြားခဲ့သည်ဟု သိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် - https://www.channelnewsasia.com/asia/asean-china-south-china-sea-code-conduct-wang-yi

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

